
2020

# ပြည်သူ့အတွက် အကျိုးနည်းသောသတ္တုလုပ်ငန်း



## (၁) မြန်မာ့သတ္တုလုပ်ငန်းအကြောင်း





၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိခဲ့ပြီးသည့်နောက်ပိုင်း မြန်မာနိုင်ငံကို စစ်အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ထိုကဲ့သို့သောအုပ်ချုပ်မှုစနစ်ကြောင့်မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများအပေါ် အကြမ်းဖက်ဖိနှိပ်သောလုပ်ရပ်များနှင့်ပဋိပက္ခများသည် လက်ရှိအချိန်ထိ ဖြစ်ပွားနေလျက်ရှိသည်။ အခြားတစ်ဖက်၌ ပြည်တွင်းစစ်ပဋိပက္ခများ ဖြစ်ပွားနေချိန် ဒေသခံတိုင်းရင်းသားပြည်သူများသည် ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်များကို စွန့်ခွာထွက်ပြေးရသည့်အပြင် တိုင်းရင်းသားဒေသများတွင် ထွက်ရှိသော သဘာဝဓာတ်ငွေ့နှင့် ကျောက်မျက်ရတနာစသည့် အရင်းအမြစ်များကို အာဏာလက်ဝယ်ရရှိထားသူများမှ စိတ်ကြိုက်စီမံအုပ်ချုပ်ချယ်လှယ်လာကြသည်။ ထို့အပြင် အစိုးရဌာနများသည်လည်း သတ္တုတူးဖော်သည့်လုပ်ငန်းနှင့် ပတ်သက်ပြီး အဂတိလိုက်စားမှုပိုမိုများပြားလာလျက် ရှိနေသည်။


Photo-google

၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ပထမအကြိမ် ကျင်းပပြုလုပ်ရာတွင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အနိုင်ရရှိခဲ့ပြီး သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရသည် ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အထိ နိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ဒုတိယအကြိမ် ကျင်းပပြုလုပ်သော အထွေထွေရွေးကောက်ပွဲတွင်မူ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အပြတ် အသတ်အနိုင်ရရှိပြီးနောက် အရပ်သားအစိုးရသစ်တက်လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရသည် ဆယ်စုနှစ်များစွာကြာအောင် ဖြစ်ပွားနေသော ပြည်တွင်းစစ်ကို အဆုံးသတ်ရန်နှင့် အဖက်ဖက်မှ ချွတ်ခြုံနိမ့်ကျနေသော စီးပွားရေးများ ပြန်လည်ကောင်းမွန်လာရန် လုပ်ဆောင်မည်ဟု ကတိပြုခဲ့သည်။ ပထမဆုံးသော လုပ်ဆောင်မှုတစ်ခုမှာ အဖိုးတန်ကျောက်များ တူးဖော်ခြင်းအတွက် လိုင်စင်ချထားပေးခြင်းနှင့် ၂၀၁၉ ခုနှစ်အစောပိုင်းတွင် ကျောက်မျက်ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့သည်။ ထိုကဲ့သို့လုပ်ဆောင်မှုများကြောင့် မကြာသေးသော အချိန်ကာလတွင် တိုးတက်မှုများရှိလာသော်လည်း ပြဿနာများစွာလည်း ဖြစ်ပေါ်စေလျက်ရှိနေသည်။

ဥပမာ- စစ်ကိုင်းတိုင်းဒေသအတွင်း ဒေသခံများသည် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၊ စပယ်တောင် နှင့် ကြေးစင်တောင်ကြေးနီစီမံကိန်းများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် လယ်ယာမြေများ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ၊ စိုက်ပျိုးမြေပျက်စီးမှုများနှင့် မြေယာ လျော်ကြေးကိစ္စများကို အစိုးရနှင့် တရုတ်ကုမ္ပဏီဘက်မှ ကျေလည်အောင် မဖြေရှင်းနိုင်သည့် သာဓကများကို ရင်ဆိုင်ကြုံတွေ့ ခံစားကြရသည်။ လက်ပံတောင်းဒေသ ကြေးနီတူးဖော်ရေး ဆောင်ရွက်ရာတွင် မျှတမှု ရရှိရန် တောင်းဆိုနေကြသည့် ဒေသခံတောင်သူများနှင့်ကုမ္ပဏီများအကြား ပြဿနာများရှိခဲ့ပြီး ထိခိုက်နစ်နာမှုအတွက် တောင်းဆိုသူများသည်လည်း အသက်သေဆုံးမှုများ ရှိခဲ့သည်။

## (၂) အာဏာရှင်နှင့် သတ္တုလုပ်ငန်း




မြန်မာနိုင်ငံ၏သယံဇာတထုတ်ယူမှုကဏ္ဍများအပေါ် စစ်တပ်၏ချုပ်ကိုင်ချယ်လှယ်မှုသည် နိုင်ငံရေးအရသာမက စီးပွားရေးအရပါ ဆက်လက်လွှမ်းမိုးထားဆဲ ဖြစ်သည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားသည့်မြန်မာနိုင်ငံ၏မြောက်ပိုင်းဒေသတွင် သတ္တုတူးဖော်မှုကို ပိုမိုလုပ်ဆောင်ခွင့်ပြုထားသည်။ စစ်တပ်သည် လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်၌ လူမျိုးသုန်းသတ်ဖြတ်မှုကို စစ်နည်းဗျူဟာသဖွယ် အသုံးပြုနေသည်။ ဒေသခံပြည်သူများသည် စစ်ပွဲ၏ပဋိပက္ခအကြားတွင် အလူးအလဲဖိနှိပ်ခံနေရသည်သာမက လက်ရှိအစိုးရသစ်၏ မြေယာဆိုင်ရာဥပဒေပြဋ္ဌာန်းမှုများကြောင့် ဒေသခံပြည်သူများ၏ မြေယာပိုင်ဆိုင်မှုများသည် မသေချာမရေရာသည့် အနေအထားနှင့် ကြုံတွေ့နေရသည်။ ထို့အပြင် ဒေသခံများသည် စစ်ပွဲများကြောင့် လယ်ယာမြေများအပါအဝင် အိုးအိမ်စွန့်ခွာထွက်ပြေးရသည့် အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။



Photo-google

စစ်အာဏာရှင်စနစ်ကျင့်သုံးသည့်ကာလမှ လက်ရှိကာလအထိ အမေရိကန်ဒေါ်လာဘီလီယံနှင့်ချီတန်သော သတ္တုလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိရန် အာဏာအရသော်လည်းကောင်း၊ ငွေကြေးအရသော်လည်းကောင်း၊ နည်းပညာအရသော်လည်းကောင်း အင်အားကြီးသောအထက်တန်းလွှာ (ခရိုနီ) များမှ လွှမ်းမိုးချုပ်ကိုင်ထားသည်။ ထို့အတွက်ကြောင့် လက်ရှိဖော်ဆောင်နေသော **ငြိမ်းချမ်း ရေးဆွေးနွေးပွဲများသည် တိုင်းပြည်၏ သဘာဝသယံဇာတအရင်းအမြစ်များနှင့် ပတ်သက်ကာ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်သည့် အခင်းအကျင်း (ဖယ်ဒရယ်အခြေပြု အရင်းအမြစ်စီမံခန့်ခွဲမှုစနစ်)ကို ဖော်ဆောင်ပေးရန် လိုအပ်သည့်အပြင် တိုင်းရင်းသားများအတွက် ဆင်းရဲခက်ခဲမှုများစွာ ဖြစ်စေသော ပြည်တွင်း စစ်ပဋိပက္ခများကို အဆုံးသတ်နိုင်ရန် အဓိကလုပ်ဆောင်ပေးရမည် ဖြစ်သည်။**

# (၃) ပိတ်ဆို့အရေးယူမှုအလွန် မြန်မာ့စီးပွားရေးအခြေအနေ




Photo-google

လက်ရှိအချိန်တွင် နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာနိုင်ငံအပေါ် အရေးယူထားသော စီးပွားရေးပိတ်ဆို့မှုအများစုကို ဖယ်ရှားလိုက်ပြီး မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ ဖွင့်ပေးခဲ့သည်။ အခွင့်အလမ်းဖွင့်ပေးသည့်အတိုင်း နိုင်ငံတကာ လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများကို ယခင်ကထက် ပိုမိုဝင်ရောက်လုပ်ဆောင်လာခဲ့ကြသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် ပိုမိုကောင်းမွန်သောနိုင်ငံတစ်ခုကို တည်ဆောက်နိုင်ရန် အလှည့်အပြောင်းတစ်ခု အောက်တွင် ရှိနေသည်။ ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖြိုးတိုးတက်မှုများအတွက် အခွင့်အလမ်းများရှိနေသော်လည်း အခြားတဖက်တွင်လည်း လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာချိုးဖောက်မှုများနှင့်ထိခိုက်ပျက်စီးမှုများအပေါ် အစိုးရမှအရေးယူဆောင်ရွက်မှုများ အားနည်းနေဆဲပင်ဖြစ်သည်။ တိုင်းပြည်၏ ကျယ်ပြန့်သောအရင်းအမြစ်များကို စနစ်တကျထုတ်ယူသုံးစွဲကာ ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖော်ဆောင်နိုင်မှ ငြိမ်းချမ်းသာယာသည့် အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်လိမ့်မည် ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင်နောက်ပိုင်း ကျောက်စိမ်းလုပ်ငန်းများနှင့် ကုန်သွယ်မှုများအပေါ် စုံစမ်းစစ်ဆေးမှုများအားနည်းနေသည့်အပြင် အကျင့်ပျက်ခြစားမှုနှင့် တရားမဝင်ကုန်သွယ်မှုပမာဏသည်လည်း တိုးပွားလာခဲ့သည်။ ထိုဖြစ်ရပ်များကြောင့် ကချင်ပြည်နယ်အပါအဝင် တိုင်းပြည်တစ်ဝန်း၌ နှစ်ရှည်လကြာဖြစ်ပွားနေသည့် အရင်းအမြစ် ဆိုင်ရာ ပဋိပက္ခများကို ပိုမိုကြီးထွားလာစေပါသည်။


ပွင့်လင်းမြင်သာမှုရှိပြီး ပိုမိုကောင်းမွန်သော မြေယာစီမံအုပ်ချုပ်ရေးကဏ္ဍဖြစ်ပေါ်လာရန်အတွက် မြေယာပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် အုပ်ချုပ်သူလူတန်းစားနှင့် အရင်းရှင်များအတွက်ကိုသာ အသားပေးရေးဆွဲထားသော မြေယာဆိုင်ရာဥပဒေများကို ပြန်လည်ပြင်ဆင်သွားရန် လိုအပ်ပါသည်။ သဘာဝအရင်းအမြစ်များကို အခြေခံသောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ဆောင်ရာတွင်လည်း နိုင်ငံတကာစံချိန်စံနှုန်းများအညီ ပွင့်လင်းမြင်သာစွာလုပ်ဆောင်သွားရန် လိုအပ်နေသည့်အပြင် အထူးသဖြင့် ဒေသခံများကို ကြိုတင်အသိပေးအကြောင်းကြားသဘောတူညီမှု (FPIC concept နှင့်အညီ) ရရှိပြီးမှသာ အကော်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ သန်းပေါင်းများစွာသောပြည်သူများ၏ အကျိုးစီးပွားကိုမျော်ကိုးကာ မြန်မာနိုင်ငံအတွင်း တည်ရှိသော သယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်သော ဘဝများကို တည်ဆောက်ရန် အခွင့်အလမ်းရှိနေသည်။ ထို့အတွက်ကြောင့် မြန်မာအစိုးရအနေဖြင့် သယံဇာတလုပ်ငန်းများအားလုံးနီးပါးကို ထိန်းချုပ်ချယ်လှယ်နေသော ခရိုနီစီးပွားရေးလုပ်ငန်းရှင်များနှင့် စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်များ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်စီစစ်ပြီး ထိန်းချုပ်ကန့်သတ်သွားရန် လိုအပ်မည် ဖြစ်ပါသည်။ ထို့အပြင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် တန်းတူညီမျှမှုရှိသောအရင်းအမြစ်စီမံခန့်ခွဲစနစ် (ဖယ်ဒရယ်အခြေပြုအရင်းအမြစ်စီမံခန့်ခွဲမှု)ကို မြန်မာအစိုးရအနေဖြင့် ဦးစားပေးလုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

## (၄) မြန်မာပြည်တွင်းသတ္တုတူးဖော်သည့်ကုမ္ပဏီများအကြောင်း




မြန်မာနိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ (၂၅) ခုသည် ၎င်းတို့၏ကုမ္ပဏီဆိုင်ရာအချက်လက်များကို ထုတ်ပြန်ကြေငြာခြင်းဖြင့် ပွင့်လင်းမြင်သာပြီ တာဝန်ယူမှု ၊ တာဝန်ခံမှုရှိသော ကုမ္ပဏီများဖြစ်ကြောင်း ဖော်ပြထားကြသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစ၍ စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတကာကုမ္ပဏီ (၄၆) ခုနှင့် ပုဂ္ဂလိကကုမ္ပဏီများအား ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက် (၃၆) ခုကို လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ထိုလုပ်ငန်းများမှ ရရှိလာသည့်ဝင်ငွေများသည် ကမ္ဘာ့အဆင်းရဲဆုံးသောနိုင်ငံတစ်နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်နိုင်သည်။

ကုမ္ပဏီပိုင်ဆိုင်မှုနှင့် ပတ်သက်သော လျှို့ဝှက်ထားမှုများသည် အကျင့်ပျက်ခြစားမှုများကို ပိုမိုဖြစ်ပေါ်စေသည်သာမက နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆုံးရှုံးနစ်နာမှုပိုမိုများပြားလာနိုင်သည်။ လျှို့ဝှက်သည့်ပုံစံများဖြင့် ကုမ္ပဏီများကိုအဆင့်ဆင့်ဖွဲ့စည်းတည်ထောင်ထားခြင်းနှင့် နိုင်ငံရပ်ခြား၌ငွေကြေးပိုင်ဆိုင်မှုများ လျှို့ဝှက်အပ်နှံထားခြင်းသည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာစီးဆင်းမှုကို လျော့ကျစေသည့်အပြင် တရားဥပဒေစိုးမိုးရေးယန္တရားကို အားနည်းစေပြီး တရားမဝင်လုပ်ငန်းများလုပ်ဆောင်ရန်နှင့် အကျင့်ပျက်ခြစားမှုများအားကောင်းလာရန် တွန်းအားပေးသကဲ့သို့ပင် ဖြစ်စေပါသည်။



## (၅) သတင်းအရင်းအမြစ်များမှ ဖော်ပြသောကုမ္ပဏီအချက်အလက်များ




သဘာဝအရင်းအမြစ်အုပ်ချုပ်မှုအင်စတီကျု၏ ၂၀၁၁ ခုနှစ်အတွင်း လေ့လာဆန်းစစ်မှုအရ ကျောက်စိမ်းတူးဖော်ခြင်းနှင့် ရောင်းဝယ်မှုတန်ဖိုးသည် ၄င်းအထွတ်အထိပ်နှစ်၏ ဒေါ်လာ ၂ မှ ၁၅ ဘီလီယံရှိသည်ဟု ဖော်ပြထားသည်။


Photo-google

ခရိုနီများ၊ လက်နက်ကိုင်အုပ်စုများနှင့် လျှို့ဝှက်စီးပွားရှာသူများသည် သတ္တုလုပ်ငန်းအားဖြင့် ကြွယ်ဝချမ်းသာလာကြသည်နှင့်အမျှ ဖားကန့်ကဲ့သို့သော သတ္တုတွင်းဒေသရှိဒေသခံများသည် ဆင်းရဲနွမ်းပါး နေဆဲပင်ဖြစ်သည်။ ထို့အပြင် သတ္တုလုပ်ငန်းများကို စံချိန်စံနှုန်းနိမ့်ကျစွာဖြင့် အကြီးအကျယ်လုပ်ကိုင်မှုများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ကြီးမားသောထိခိုက်ပျက်စီးမှုများ၊ ဒေသခံနှင့် အခြေခံလုပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများသည် နေ့စဉ်နှင့်အမျှဖြစ်ပေါ်နေလျက်ရှိပြီး နောက်ဆက်တွဲ လူမှုရေးဆိုင်ရာဆိုးကျိုးသက်ရောက်များစွာကို ဖြစ်ပေါ်စေလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ ရေရှည်အကျိုးစီးပွားနှင့် တိုင်းပြည်အတွင်းရှိ ပြည်သူများ၏ အကျိုးစီးပွားကို ရှေ့ရှု၍ ကုမ္ပဏီများအနေဖြင့် တိကျသောသတင်းအချက်အလက်များကို တင်သွင်းရန် လိုအပ်သည်။ ခွဲခြမ်းစိတ်ဖြာမှုအရ အကြောင်းအမျိုးမျိုးကြောင့် ကုမ္ပဏီများ၏ သုံးပုံတစ်ပုံကျော်သည် အကျိုးအမြတ်ခံစားခွင့်ဆိုင်ရာသတင်းအချက်အလက်များကို ပထမအကြော့တွင်တင်ပြရန် လိုအပ်သည်။

## သတင်းအရင်းအမြစ်များမှ ဖော်ပြသောကုမ္ပဏီအချက်အလက်များ


Photo-google


Photo-google

Global witness ၏ဖော်ပြချက်အရ သိသာထင်ရှားသည့်ကုမ္ပဏီအရေအတွက်အများစုသည် အစပိုင်းတွင် ကုမ္ပဏီမှတ်ပုံတင်ခြင်းကို လုံး၀လုပ်ဆောင်ခြင်းမရှိသည့်အပြင် နောက်ပိုင်းတွင်လည်း ကုမ္ပဏီမှတ်ပုံတင်ခြင်းကို လုပ်ဆောင်ခြင်းမရှိကြပါ။ သတင်းအရင်းအမြစ်၏ဖော်ပြချက်အရ ကုမ္ပဏီ ၁၆၂ ခုအနက် ၂၄ ခု (၁၅%) သည် ကုမ္ပဏီမှတ်ပုံတင်ခြင်းကို လုံး၀တင်သွင်းထားခြင်းမရှိပဲ ၁၇ ခု (၁၀%) ထက်ပိုသောကုမ္ပဏီများက မှတ်တင်ပုံခြင်းကို နောက်ကျစွာလုပ်ဆောင်ခဲ့သည်။ တက်လာမည့် နောက်ပိုင်းအစိုးရအနေဖြင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းဥပဒေများများနှင့်အညီ လိုက်နာမှုမရှိသောကုမ္ပဏီများ၏ လုပ်ငန်းလိုင်စင်များကို ဆိုင်းငံ့ခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းကို ပြုလုပ်ရမည့်အပြင် ကြီးမားသောဒဏ်ငွေချမှတ်ခြင်းများကို ပေးဆောင်စေခြင်းဖြင့် ကုမ္ပဏီများ၏ လိုက်နာမှုကိုသေချာစေရန် ကြိုးကြပ်လုပ်ဆောင်ရမည်။ နိုင်ငံခြားအစိုးရပိုင် စီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်သည့်နောက်ထပ်ကုမ္ပဏီသုံးခုသည် သတင်းအချက်အလက်များကို လုံလောက်စွာတင်သွင်းခဲ့သည်။ စုစုပေါင်းကုမ္ပဏီ ၁၆၂ ခုအနက် ၁၁ ခု (၇%) ခုသည် ပြည့်စုံမှုမရှိသောအချက်အလက်များကို တင်သွင်းခဲ့သည်။ မြန်မာ့စီးပွားရေးတွင် နိုင်ငံရေးအရဆက်သွယ်မှုရှိခြင်းသည် အချို့သောစက်မှုလုပ်ငန်းများတွင် ပုံမှန်ဖြစ်သည်ဟု မှတ်ယူသည်။ ကျန်ရှိသောကုမ္ပဏီများအတွက် Global witness ၏ ခွဲခြမ်းစိတ်ဖြာမှုသည် နောက်ထပ်ဖော်ပြချက် ၁၀ ခု (၆%) ကို ဖော်ထုတ်နိုင်ခဲ့ပြီး နိုင်ငံရေးအရ ပတ်သက်ဆက်နွယ်မှုများရှိနေကြသည်ကို တွေ့ရသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ပြီးသည့်နောက်ပိုင်း ကြိုတင်တွက်ချက်ထား၍မရနိုင်သောအကျိုးသက်ရောက်မှုများအတွက် ကုမ္ပဏီများ၏အချက်အလက်များကို အစိုးရအနေဖြင့် အများပြည်သူ၏ရေရှည်အကျိုးစီးပွားအတွက် ရည်ရွယ်ကာ သိမ်းဆည်းထားခြင်းလည်းမရှိသည်ကို ဖော်ပြထားသည်။ သယံဇာတထုတ်ယူသည့်ကဏ္ဍတွင် လုပ်ကိုင်နေသောကုမ္ပဏီများသည် တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လေးစားလိုက်နာကျင့်သုံးမှု အားနည်းနေလျှင် ဥပမာအားဖြင့် ၎င်းတို့၏ ပါမစ် (Permit) များလက်ခံအတည်ပြုခြင်း (သို့မဟုတ်) လေလံဆွဲသည့်ယှဉ်ပြိုင်မှုများတွင် တားမြစ်နိုင်သည်။ ဥပဒေစည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာမှုနှုန်းမြင့်မားလာရန်အတွက် သင့်လျော်သောတရားစီရင်ပိုင်ခွင့် ရှိသည့်ယန္တရားတစ်ခု မရှိမဖြစ်လိုအပ်သည်။

## (၆) ဖားကန့်သတ္တုတူးတွင်းမှ ရေမဆေးလုပ်သားများ၏ဘဝများ




၂၀၂၀ ခုနှစ် ဇူလိုင်လဆန်းတွင် ဖားကန့်ကျောက်စိမ်းတွင်းမြေပြိုမှုကြောင့် လူဦးရေ (၂၀၀) ကျော် အသေအပျောက်ရှိခဲ့သည့်အတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအထိပါ စိုးရိမ်မှုများဖြစ်ပေါ်စေခဲ့သည်။ သို့သော် အစုလိုက်အပြုံလိုက်သေဆုံးမှုကို ကိုယ်တွေ့ကြုံရသော်လည်း ကျောက်မျက်တူးဖော်ရေးကုမ္ပဏီလုပ်ငန်းခွင်များမှ စွန့်ပစ်လိုက်သည့်မြေစာပုံကြီးများတွင် ပြန်လည်ရောင်းချ၍ရနိုင်သည့် ကျောက်များရှိနေသေးသဖြင့် လက်ရှိအချိန်အထိ ရေမဆေးကျောက်ရှာဖွေသူများ သိသိသာသာလျော့ချသွားခြင်းမရှိပဲ ဆက်လက်လုပ်ဆောင်နေကြသည်။ အထူးသဖြင့် မိုးတွင်းကာလတွင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွင်များသည် အန္တရာယ်ပိုရှိသည်ကို သိနေကြသော်လည်း ရေမဆေးကျောက်ရှာဖွေသူများအနေဖြင့် မိမိတို့၏အသက်ကို အရဲစွန့်ကာ ကျောက်လုပ်ကွက်များတွင် စုပြုံတိုးဝှေ့ ရှာဖွေနေခြင်းသည် အစဉ်အလာတခုကဲ့သို့ ဖြစ်နေပါသည်။

ကျောက်စိမ်းပမာဏအများအပြားထွက်သည့် ဖားကန့်ကျောက်စိမ်းတွင်းကြီးသည် ကုမ္ပဏီလုပ်ကွက်များ ရပ်နားထားချိန် ရေမဆေးလက်လုပ်လက်စားအလုပ်သမားအမျိုးသမီးနှင့် အလုပ်သမားအမျိုးသား (၃) သိန်းဝန်းကျင်များအတွက် ကျောက်ရှာဖွေရန် အခွင့်ကောင်းတစ်ရပ်ဖြစ်ပြီး တစ်ဖက်တစ်လှမ်းမှမိသားစု၏စားဝတ် နေရေးကို အဆင်ပြေစေပါသည်။

သို့သော်လည်း တရားဥပဒေစိုးမိုးမှုအားနည်းချက်များနှင့်အတူ မူးယစ်ဆေးဝါးများကို လွယ်ကူစွာဝယ်ယူအသုံးပြုနိုင်သည့်အပြင် အစိုးရနှင့်ကုမ္ပဏီများ၏တာဝန်ယူ၊ တာဝန်ခံမှုအားနည်းချက်များကြောင့် ထိုဒေသအတွင်းရှိ ဒေသခံများနှင့် အခြေခံလူသားများအတွက် အသက်အာမခံချက်နှင့် ကျန်းမာရေးအာမခံချက်များသည် လုံးဝကင်းမဲ့နေဆဲပင် ဖြစ်သည်။ ၂၀၂၀ ခုနှစ် ဇူလိုင်လဆန်းပတ်ဝန်းကျင်အတွင်း ဖြစ်ပျက်ခဲ့သောဖြစ်ရပ်ဆိုးအပြီး အစိုးရသည် ကျန်ရစ်သူမိသားစုများကို မြန်မာငွေကျပ်သိန်းဂဏန်းအနည်းငယ်ကိုသာ ထောက်ပံ့ပေးခဲ့သည်။

အစိုးရသည် ၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျောက်စိမ်းလုပ်ကွက်ဧရိယာသုံးသောင်းကျော်ကို လုပ်ငန်းလိုင်စင်ချပေးခဲ့ပါသည်။ တောတောင်ကို ဖြိုချတူးဆွထားသည့်လုပ်ငန်းခွင်များနှင့် ထုထည်ကြီးမားသည့် စွန့်ပစ်မြေစာပုံများကြောင့် အချိန်မရွေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သည်ကို ရေမဆေးလုပ်သားများအနေဖြင့် သိရှိပြီးဖြစ်သော်လည်း မိမိတို့၏စားဝတ်နေရေးဖူလုံမှုအတွက် အရဲစွန့်တူးဆွရှာဖွေနေကြခြင်း ဖြစ်သည်။

## ဖားကန့်သတ္တုတူးတွင်းမှ ရေမဆေးလုပ်သားများ၏ဘဝများ



Photo-google

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၏အစိုးရသည် အကျင့်ပျက်ခြစားမှုကဏ္ဍနှင့်သက်ဆိုင်သော ပြုပြင်ပြောင်းလဲမှုကိုလုပ်ဆောင်သွားရန် ကတိပြုခဲ့သော်လည်း အစိုးရသက်တမ်း ငါးနှစ်နီးပါးရောက်ရှိလာသည့်အချိန်တွင် အကျင့်ပျက်ခြစားမှုနှင့် ပတ်သက်သောအပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများကို လက်ရှိအချိန်အထိ ဖော်ဆောင်နိုင်ခြင်းမရှိသည်ကို တွေ့မြင်နေရသည်။ အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိသည့် သတ္တုလုပ်ငန်းများကို စစ်တပ်ကျောထောက်နောက်ခံကုမ္ပဏီများ၊ လက်နက်ကိုင်အုပ်စုများနှင့် ခရိုနီကုမ္ပဏီများမှ လွှမ်းမိုးချုပ်ကိုင်နေဆဲဖြစ်သည့်အပြင် သတ္တုလုပ်ငန်းများကြောင့် ထိခိုက်နစ်နာပျက်စီးဆုံးရှုံးသွားသော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များအတွက် ပါဝင်ပတ်သက်သူများမှ တာဝန်ယူမှု၊ တာဝန်ခံမှုရှိလာစေရန် လက်ရှိအစိုးရအနေဖြင့် လုပ်ဆောင်ပေးနိုင်မှုအားနည်းနေဆဲပင် ဖြစ်သည်။

ယခုကဲ့သို့ မြေစာပြိုသေဆုံးသည့်ဖြစ်ရပ်မျိုးဖြစ်ပေါ်လာခြင်းမရှိအောင် အစိုးရအနေဖြင့် ကြီးကြပ်ထိန်းကျောင်းပေးရန် လိုအပ်နေပြီး အထူးသဖြင့် ကျောက်မျက်လုပ်ငန်းကို ကြီးကြပ်ပေးရသည့် အဖွဲ့တွင် တာဝန်အပြည့်ရှိပါသည်။ အဆိုပါအဖွဲ့ကို အစိုးရမှ ဖွဲ့စည်းပေးထားပါသည်။ ဇူလိုင်မြေပြိုကျမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး အစိုးရ၏စုံစမ်းစစ်ဆေးရေးအဖွဲ့သည်လည်း တွေ့ရှိချက်များကို လက်ရှိအချိန်အထိ ထုတ်ဖော်ပြောဆိုခြင်းမရှိသေးသည်ကို တွေ့မြင်နေရသည်။

ဇူလိုင်မြေပြိုမှုနှင့်ပတ်သက်ပြီး လက်လုပ်လက်စားကျောက်တူးခြင်းလုပ်ငန်းမှတ်ပုံတင်ထားခြင်းမရှိသည့်အပြင် တရားမဝင်ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းကို လုပ်ကိုင်ရန်ခိုင်းစေပြီး အကျိုးအမြတ်ရယူနေသည့် လောပန်း (၁၃) ဦးသည် ပြည်နယ်သယံဇာတဝန်ကြီးဌာနမှ ဖြစ်သည်ကိုလည်း သိရသည်။

## (၇)ဝေဘူလတောင်မှ ခရိုမိုက်သတ္တုတူးဖော်ခြင်းကို ဒေသခံများဆန့်ကျင်

စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်စပ် ဖလမ်းမြို့နယ်ထဲတွင် ပါဝင်သည့် ဝေဘူလတောင်သည် ခရိုမိုက်သတ္တုတွင်းတူးဖော်ရေးမှ အလတ်စားလုပ်ငန်းတူးဖော်ရန်အတွက် လုပ်ဆောင်နေသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိလာမည်ကို စိုးရိမ်နေလျက်ရှိပြီး ဒေသခံများမှ ကန့်ကွက်နေကြသည်။ ၄င်းစီမံကိန်းကို ကန့်ကွက်နေကြသည့် ဒေသခံများသည် ဝေဘူလတောင် အနီးတွင် တည်ရှိနေသည့် ကလေးခရိုင်အတွင်းမှ ငါးဖားအုပ်စု၊ နတ်ချောင်းအုပ်စုနှင့် ထောက်ကြံ့အုပ်စုများမှ ဒေသခံများ ဖြစ်သည်။


Photo-google

ဝေဘူလတောင်ကို ချင်းဘာသာစကားအားဖြင့် လိုဗုတ်လိုကျောင်(Voklungcung)ဟူ၍သိရှိထားကြပြီး ပင်လယ်ရေမျက်နှာပြင်အမြင့်ပေလေးထောင်အထက်တွင် တည်ရှိသည်။ အဆိုပါကွင်းဆင်းစစ်ဆေးချက်အရ ကုမ္ပဏီဘက်မှ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမပြနိုင်သည့်အတွက်ကြောင့် စီမံကိန်း၏ ဆောက်လုပ်ရေးလုပ်ငန်းကို ရပ်ဆိုင်းထားရန် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီမှ ညွှန်ကြားထားသည်။

ကုမ္ပဏီကို ကချင်ပြည်နယ် မိုးညှင်းအခြေစိုက်လိပ်စာနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ဝဘ်ဆိုဒ်တွင် မှတ်ပုံတင်ထားသည့်အပြင် ဒါရိုက်တာငါးဦးသည်လည်း မြန်မာနိုင်ငံသားများ ဖြစ်သည်။ ခရိုမိုက်(Chromite)တူးဖော်ရေးသည် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ရရှိထားသည့်အပြင် ပြည်နယ်အစိုးရထံတင်ပြထားပြီးဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်နေသည်ကို ပြည်တွင်းပုဂ္ဂလိကဖိုးလမင်းသာသာကုမ္ပဏီမှ သတင်းဌာနအချို့ကိုပြောဆိုခဲ့သော်လည်း အသေးစိပ်အချက်အလက်များကိုမူ ဖြေဆိုထားခြင်းမရှိပါ။ ခရိုမိုက်တူးဖော်ရေးလုပ်ငန်းသည် ပြည်ထောင်စုအစိုးရမှတဆင့် ပြည်နယ်ဝန်ကြီး၏ ခွင့်ပြုချက်သဘောထား(Pass) ရရှိထားပြီးဖြစ်သည့်အတွက် ချင်းပြည်နယ်အစိုးရတွင် အချက်အလက်ပရိုဖိုင် (profiles) များကို တောင်းကြည့်နိုင်သည်ဟု ဖြေကြားထားသည်။

# ဝေဘူလတောင်မှ ခရိုမိုက်သတ္တုတူးဖော်ခြင်းကို ဒေသခံများဆန့်ကျင်




သို့သော် ကုမ္ပဏီအနေဖြင့် စီမံကိန်းဧရိယာဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် တည်ရှိသည့်ပြည်သူလူထုများနှင့် စီမံကိန်းလုပ်ဆောင်ရာ၌ အဓိကအကျိုးသက်ရောက်မည့် ချင်းပြည်နယ်ရှိ ဒေသခံပြည်သူလူထုများကို အသိပေးအကြောင်းကြားခြင်းမရှိပဲ အစိုးရထံခွင့်ပြုချက်ဖြင့်သာလုပ်ဆောင်သွားမည်ဆိုပါက မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်လာမည်ကို ဒေသခံများမှ စိုးရိမ်နေကြပါသည်။ ခရိုမိုက်တူးဖော်ရေးစီမံကိန်းသည် အလတ်စားသတ္တုလုပ်ငန်းတစ်ခုဖြစ်သော်လည်း အလတ်စားသတ္တုလုပ်ငန်းတစ်ခုအတွက် မြေဧက (၂၈) မှ (၂၄၇) အထိရယူနိုင်သည်ကို အစိုးရမှသတ်မှတ်ထားပါသည်။ ခရိုမိုက်စီမံကိန်းတူးဖော်လုပ်ဆောင်မည်ဆိုလျှင် လယ်မြေဧကသောင်းနှင့်ချီပျက်စီးဆုံးရှုံးလာနိုင်သည့်အပြင် စစ်ကိုင်းတိုင်းဒေသတစ်ခုလုံးမှီခိုနေရသည့် ရေရင်းမြစ်များအပေါ် ဆိုးကျိုးသက်ရောက်လာနိုင်မည် ဖြစ်သည်။ မဏိပူရမြစ်နှင့် မြစ်သာမြစ်အတွင်းသို့ စီးဝင်လာသော မြစ်လက်တက်အများစုသည် ဝေဘူလတောင်မှ စီးဆင်းလာသောတောင်ကျချောင်းများဖြစ်သည့်အပြင် ဝေဘူလတောင်မှ စီးဆင်းလာသောတောင်ကျချောင်းများ၏ ချောင်းလက်တက်အများစုသည် စီမံကိန်းဧရိယာအတွင်းတွင် တည်ရှိနေပါသည်။

အာရှဒေသတွင်းတွင် ခရိုမိုက်သတ္တုကို တရုတ်နိုင်ငံမှ အများဆုံးထုတ်လုပ်ပါသည်။ ဝေဘူလတောင်သတ္တုစီမံကိန်းသည် ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းအကြား ပထမဆုံးတူးဖော်ထုတ်လုပ်မည့် လုပ်ငန်းဖြစ်ပြီး ခရိုမိုက်သတ္တုသည် ချင်းပြည်နယ်အတွင်းရှိ မြွေတောင် ၊ ဖားတောင်ဒေသများတွင် အများဆုံးထွက်ရှိသည်ကို ချင်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် သိရှိရပါသည်။

## (၈)စီမံကိန်းပစ်မှတ်အသစ်တွင် ခါကာဘိုရာစီတောင် ပါဝင်လာပြီလား။



Photo-google

တိတ်ဆိတ်ငြိမ်းချမ်းလွန်းသည့် ပူတာအိုဒေသနှင့် ပတ်သက်ပြီး လူအများ၏စိတ်ဝင်စားစရာဖြစ်လာခဲ့သည်မှာ လွန်ခဲ့သည့်သုံးနှစ်ခန့်မှ စတင်ခဲ့သည်။ ၁၁,၂၈၀ စတုရန်းကီလိုမီတာ အကျယ်အဝန်းရှိသော ခါကာဘိုရာဇီတောင်ကျောဒေသကို ယူနက်စကို၏ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် အမွေအနှစ်အဖြစ် သတ်မှတ်ရေးအဆိုကို ဒေသခံများမှ ကန့်ကွက်ခဲ့ကြသည်။ ယူနက်စကို၏အမွေအနှစ်အဖြစ် ထိန်းသိမ်းမည့် ကြိုးဝိုင်းဧရိယာအတွင်း ကျရောက်နေသည့် ဒေသခံများ၏စိုးရိမ်မှုရေချိန်သည် အလွန်ပင် ကြီးမားခဲ့ပြီး ရန်ကုန်မြို့၊ ရှန်ဂရီလာဟိုတယ်တွင် သတင်းမီဒီယာများအား ဖိတ်ခေါ်ကာ ခါကာဘိုရာဇီဒေသအတွင်းရှိ သစ်တောသစ်ပင်ထိန်းသိမ်းရေးအစီအစဉ်ကို ဒေသခံများမှကန့်ကွက်ခဲ့ကြသည်။ ဒေသခံများသည် ၎င်းတို့၏ အခြေခံလိုအပ်ချက်များဖြစ်သော အိမ်တွင်းသုံး လောင်စာများ၊ တောထွက်ပစ္စည်းများ (သစ်ပင်၊ ဝါးပင်၊ သစ်မြစ်၊ သစ်ဉ၊ ဆေးဖက်ဝင်သော အပင်များ) နှင့် ရိုးရာဓလေ့အရ အမဲလိုက်သည့်နေရာဒေသများ ကန့်သတ်ထိန်းချုပ်ခံရမည်ကို စိုးရိမ်နေကြသည့်အပြင် အထူးသဖြင့် သစ်တောနှင့် ပတ်သက်သော ဒေသခံများ၏နှစ်ပေါင်းများစွာ စီမံခန့်ခွဲလာသောစနစ်များ ပျောက်ကွယ်သွားမည်ကို စိုးရိမ်နေကြသည်။

၂၀၁၉ ခုနှစ်တွင် Inner Mongolia Duojin Investment Company Ltd သည် ခါကာဘိုရာဇီတောင်အပါအဝင် ဧက (၄၉,၂၉၀၀) ထဲမှ သတ္တုရှာဖွေစမ်းသပ်ခွင့်ပြုပေးရန် တောင်းဆိုခဲ့သည်။ အဆိုပြုလွှာကို အစိုးရမှ ငြင်းပယ်ထားသော်လည်း မကြာသေးမီက ပူတာအိုခရိုင်၊ ခါကာဘိုရာဇီရပ်ဝန်းသည် အသစ်သောခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်လာရသည်။ Fortuna Metals ကုမ္ပဏီသည် ဧက (၃၀၀၀၀၀) ကျော်တွင် သတ္တုစမ်းသပ်တူးဖော်ခွင့် ရရှိခဲ့ကြောင်း သိရသည်။ ထိုခွင့်ပြုချက်ကို ၂၀၁၉ခုနှစ် နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုအစိုးရ၏အစီအစဉ်ကို ကန့်ကွက်စရာမရှိကြောင်း အကြောင်းပြန်ခဲ့သည်ကို သိရသည်။ ကချင်ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဦးရှီလဆိုင်လဆိုင်းမှ ၎င်းစီမံကိန်းသည်စမ်းသပ်မှုအဆင့်သာဖြစ်သည့်အတွက် ခွင့်ပြုသင့်ကြောင်း သတင်းဌာနများတွင် ဖြေဆိုထားခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် အစိုးရသည် Fortuna Metals ကုမ္ပဏီအား ရွှေ ၊ ကြေးနီနှင့် အခြားဆက်စပ်သတ္တုများကိုပါ စမ်းသပ်ခွင့်ပြုလိုက်ကြောင်း ဒေသခံများကပြောပါသည်။



Photo-google

ကချင်ပြည်နယ်အတွင်း သတ္တုတူးဖော်ရေးနှင့်ပတ်သက်၍ ၁၉၉၄ ခုနှစ်မှ စတင်ပြီး မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော ပန်ဝါ၊ ချီဖွေ၊ ဖီမော်၊ စင်ကြိုင်၊ ကန်ပိုင်တီစသည့်ဒေသတို့တွင် မြေရှားသတ္တု(rare earth) တူးဖော်ခဲ့ကြပါသည်။ တူးဖော်ပုံသည် မြေကျင်းတွင်းဝအကျယ် ၆လက်မ၊ အနက် ၁၂ မီတာအထိတူးပြီး အမိုနီယမ် ဆာလဖိတ်(NH4)၊ အက်ဆစ်နှင့် အခြားသောကယ်မီကယ်ဓာတ်ပေါင်းအရည်များကို လောင်းထည့်ကြသည်။ ထိုကယ်မီကယ်ဓာတ်ပြုပြီး အရည်ပျော်ကာထွက်လာသည့် မြေရှားသတ္တုရည်ကို မြေတွင်းထဲတွင် ပိုက်လိုင်းထိုးခံပြီး ပေ ၁၀ ၊ ၂၀ ရှိသောမိုးကာခံထားသည့်သတ္တုကန်သို့ စီးဝင်အနည်ထိုင်စေပါသည်။ လက်ရှိအချိန်အထိ ထိုဒေသတွင် သီးနှံစိုက်ပျိုးမှုမဖြစ်ထွန်းခြင်း၊ ကိုယ်ဝန်သည်ပျက်ကျမှုများလာခြင်း၊ မြစ်ချောင်းထဲတွင် ငါးများရှားပါးကုန်ခြင်းစသည့် ဆိုးကျိုးများစွာခံစားနေရသည်။

ထို့ကြောင့် လက်ရှိကာလတွင် စမ်းသပ်ခွင့်ပြုထားအဆင့်ဟုဆိုသော်လည်း ကုမ္ပဏီများ အနေဖြင့် အရင်းအနှီးအမြောက်အများကို အသုံးပြုကာ ဆက်လက်လုပ်ဆောင်သွားမည်ကို ဒေသခံများမှ စိုးရိမ်နေကြသည်။



Photo-google

## (၉) ကျေးရွာအောက်ခြေအထိ ကျောက်မီးသွေးထုတ်ယူသည့်ကုမ္ပဏီကြောင့် ရွာကျုံ့သွားမည်ကို ဒေသခံများစိုးရိမ်



Photo-google

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် ကျေးရွာအိမ်ခြေများနှင့်အနီးဆုံးနေရာများအထိ ကျောက်မီးသွေးတူးဖော်နေမှုများကြောင့် ကျေးရွာအတွင်းအက်ကြောင်းများဖြစ်ပေါ်လာသည့်အတွက် ကျေးရွာတခုလုံး ကျုံ့ကျသွားမည်ကို တန့်ယန်းမြို့နယ်ဒေသခံများမှ စိုးရိမ်နေကြသည်။

တန့်ယန်းမြို့အနောက်တောင်ဘက် (၉) မိုင်အကွာ နားဟုတ်အုပ်စု ၊ တတ်လျက်ရွာတွင် ထိုကဲ့သို့ ဖြစ်ပွားနေခြင်းဖြစ်ပါသည်။ ထိုဖြစ်စဉ်ကို ဝိုင်းဝန်းဖြေရှင်းပေးရန် ရွာသူရွာသားများမှစုပေါင်းကာ လွှတ်တော်အမတ်များထံ စာရေးသားပေးပို့ပြီး အကူအညီတောင်းခံထားကြောင်းသိရသည်။

တက်လျက်ရွာသည် အိမ်ခြေ (၇၃) အိမ်ရှိပြီး ထိုအထဲမှ အိမ်ခြေ (၁၁) အိမ်သည် မလွှဲမသွေ ပြောင်းရွှေ့ရတော့မည့်အပြင် ရွာဦးကိုးမြို့ရှင်နတ်နန်းကို ရွှေ့ပြောင်းပေးရန် ကုမ္ပဏီမှငွေကျပ်သိန်း (၁၅၀) ပေးထားသည်ကို တိုင်ကြားချက်များမှ သိရှိရသည်။

တန့်ယန်းမြို့နယ်အတွင်းတွင် ကျောက်မီးသွေးကုမ္ပဏီနှင့် ရာဘာကုမ္ပဏီများသည် ရပ်ရွာလူထုများ၏ လယ်ယာမြေအားအတင်းအဓမ္မ သိမ်းပိုက်ဝယ်ယူနေသည့်အပြင် ဒေသခံများ၏ မွေးမြူရေး၊ စိုက်ပျိုးရေး၊ သောက်သုံးရေအတွက် အားကိုးအားထားရသည့် ရေထွက်ဦးကို သိမ်းယူနေသည့်အတွက် ပြဿနာများ (၁၀) စုနစ်နှင့်ချီ ဖြစ်ပွားနေလျက်ရှိသည်။ ယခုကျောက်မီးသွေးတူးဖော်နေသည့် ကုမ္ပဏီများသည် ဗိုလ်ချုပ်ခင်ညွန့် လက်ထက် ၂၀၀၀ ပြည့်နှစ် ကတည်းကပင် ဝင်ရောက်လာသည့် ကုမ္ပဏီများ ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၃၁.၃.၂၀၂၀ နေ့စွဲဖြင့်
တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ခွင့်ပြုမိန့်ထုတ်ပြန်ပေးထားမှုစာရင်းအရ

| စဉ် | တိုင်း/ပြည်နယ် | အကြီးစား | အလတ်စား | အသေးစား | စမ်းသပ် | စမ်းသပ်ပြီးမြောက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | ကချင် | ၄ | - | ၈၂ | ၂၅ | ၁ | ၁၁၂ |
| ၂ | ကယား | ၁ | ၁ | ၁၅ | ၁ | - | ၁၈ |
| ၃ | ကရင် | ၆ | - | ၃၇ | ၂ | ၁ | ၄၆ |
| ၄ | ချင်း | - | - | - | ၃ | ၁ | ၄ |
| ၅ | စစ်ကိုင်း | ၂၄ | ၁၂ | ၁၅၉ | ၁၄ | ၁၉ | ၂၂၈ |
| ၆ | တနင်္သာရီ | ၁၈ | ၄ | ၄၁ | ၁၉ | ၄ | ၈၆ |
| ၇ | နေပြည်တော် | ၃ | - | - | - | - | ၃ |
| ၈ | ပဲခူး | - | - | ၆ | ၁ | - | ၇ |
| ၉ | မကွေး | ၃ | ၁ | ၄၁ | ၇ | ၁ | ၅၃ |
| ၁၀ | မန္တလေး | ၄၀ | ၂၄ | ၂၂၇ | ၂၈ | ၃ | ၃၂၂ |
| ၁၁ | မွန် | ၅ | - | ၁၃ | ၁ | ၁ | ၂၀ |
| ၁၂ | ရခိုင် | ၁ | - | - | - | - | ၁ |
| ၁၃ | ရှမ်း(တောင်) | ၁၆ | - | ၁၀၅ | ၁၂ | ၈ | ၁၄၁ |
| ၁၄ | ရှမ်း(မြောက်) | ၁၉ | - | ၆၁ | ၇ | ၆ | ၉၃ |
| ၁၅ | ရှမ်း(ရှေ့) | ၂ | ၁ | ၇၁ | ၁၅ | ၃ | ၉၂ |
| ၁၆ | ဧရာဝတီ | ၂ | - | ၁ | - | - | ၃ |
| | စုစုပေါင်း | ၁၄၄ | ၄၃ | ၈၅၉ | ၁၃၅ | ၄၈ | ၁၂၂၉ |